ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂၊ အမှတ် ၆ | ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ မရမ်းချောင်စစ်ဆေးရေးစခန်းသို့ လာရောက်ကြည့်ရှုစစ်ဆေးခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း နှင့်အတူ မွန်ပြည်နယ် ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော် ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူးများပါဝင်သောအဖွဲ့သည် ၂၅-၂-၂၀၁၇ ရက်နေ့ နံနက် (၇း၃၀) နာရီအချိန်တွင် မရမ်းချောင်စစ်ဆေးရေးစခန်းသို့ လာရောက်စစ်ဆေး၍ အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးမှ စုပေါင်းဖွဲ့စည်းထားသောဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို တိတိကျကျမှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အကျင့်ပျက်ခြစားမှု လာဘ်ပေးလာဘ်ယူမှုများဆောင်ရွက်ခြင်းမပြုရန် နှင့် မိမိတာဝန်များကိုအလွဲအမှားမရှိ တာဝန်ကျေပွန်စွာဆောင်ရွက်သွားကြရန်လမ်းညွှန်မှာကြားသွားပါသည်။

အဆိုပါ အခမ်းအနားသို့ မရမ်းချောင်စစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်ဦးစီးဌာနနှင့် အခြားဌာနများမှ တာဝန်ရှိ ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။

# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ နံနက် (၈း၀၀) အချိန်တွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# Seminar For Myanmar Customs on Intellectual Property Right (IPR) ဆွေးနွေးပွဲသို့တက်ရောက်ခြင်း



၂၀၁၇ ခုနှစ် ၊ ဖေဖော်ဝါရီလ(၁၄)ရက်နေ့ မှ (၁၇) ရက်နေ့အထိ ဂျပန်နိုင်ငံ ၊ တိုကျိုမြို့တွင် ကျင်းပသော Seminar For Myanmar Customs on Intellectual Property Right (IPR) ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်း ဦးဆောင်သော မြန်မာအကောက်ခွန် အရာရှိ (၁၁) ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသည် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဂျပန်အကောက်ခွန်နှင့် အခွန်များ ဆိုင်ရာဗျူရို၏ စီမံခန့်ခွဲမှုဖြင့် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးဖြစ်ပြီး မြန်မာအကောက်ခွန်အရာရှိ များအား မူပိုင်ခွင့်အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးရေးအတွက် ကျင်းပပြုလုပ်သော အစည်း အဝေးတစ်ရပ်ဖြစ်ပါသည်။

ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ မူပိုင်ခွင့် ကာကွယ်ပေးရေး Intellectual Property Right (IPR) ဆိုင်ရာ အသိပညာများအား ဂျပန်အကောက်ခွန်ဌာန၏ IPR ဌာနဖွဲ့စည်းပုံ ၊ လိုက်နာကျင့် သုံးဆောင်ရွက်လျှက်ရှိသော ဥပဒေလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအား သိရှိနားလည် စေရန် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၈၇၆.၆၀) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ရေဆိပ် ၊ အထူးကင်းနှင့်အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၁၈) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၈၇၆.၆၀) သန်းခန့် ဖြစ်ပါသည်။

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၄) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၄၆၆.၅၉၃) သန်းခန့် ရှိသည့်အနက် ၁၀-၂-၂၀၁၇ ရက်နေ့ ၌ MIP ဆိပ်ကမ်းတွင် Asia Industry & Mining Co., Ltd မှ တင်သွင်းလာသော Recond Gold Desorption & Electro - Winning Equipment Machine (1) Unit အား အကောက်ခွန်စစ်ဆေးရေးအဖွဲ့ (၄) ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ VPA (77) ရက် ကျော်လွန်နေပါသဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၀၆.၅၀) သန်းခန့်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၈၇၆.၆၀) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးမှု(၁၁၄)မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၄၁၀.၀၀၆) သန်းခန့်ရှိသည့်အနက် ၂၁-၂-၂၀၁၇ ရက်နေ့တွင် Nissan UD အမျိုးအစား (၂၂) ဘီးတွဲယာဉ် (၂) စီး နှင့် Fuso (၁၂) ဘီးယာဉ် (၁) စီး တို့အား (၁၆) မိုင်ကျောက်ချောစခန်း စစ်ဆေးရေးတာဝန်ကျ လက်ထောက်ညွှန်ကြား ရေးမှူး ဦးဘိုဘိုအောင် ဦးစီးအဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Fertilizer (မြေဆီ) ဟုယူဆရသော အိတ် (၆၃၉) အိတ် (31950) Kg နှင့်ရောနှောသယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော အိတ် (၁၃၀၀) အိတ် (65000) kg နှင့် သယ်ဆောင်သောယာဉ်များ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၃၂.၅၈၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၈၇၆.၆၀) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် (၁၅-၂-၂၀၁၇) ရက်နေ့ တွင် မန္တလေး မှ မူဆယ်သို့ သွားရောက်မည့် Toyota Land Cruiser (လိုင်စင်မဲ့) အမျိုးအစား ယာဉ် (၁) စီး အား တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့မှစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်များ (၁၉) တုံး (1330) Kg ခန့် နှင့် သယ်ဆောင်သည့်ယာဉ် ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၅၇) သန်းခန့် အား ဖမ်းဆီးရမိခဲ့ပါသည်။

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဖေဖော်ဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက်ပစ္စည်း များ | - | ၂ မှု | ၂ မှု | ၂.၀၇၆၅ သန်း |
| | **စုစုပေါင်း** | - | ၂ မှု | ၂ မှု | ၂.၀၇၆၅ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၂.၀၇၆၅) သန်းခန့်ရှိ၍ (၁-၄-၂၀၁၆) ရက်နေ့ မှ (၂၈-၂-၂၀၁၇) ရက်နေ့ အထိ မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု စုစုပေါင်း (၅၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၆၄.၅၄၃၃) သန်းခန့် အား အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ မှ အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန် မသင့်သော ဘီယာ ၊ ဝိုင် နှင့် စားသောက်ကုန်ပစ္စည်းများ ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၁.၉၁၂) သန်းခန့်အား (၁၄-၂-၂၀၁၇) ရက်နေ့ နံနက် (၁၀း၀၀) အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင် ဥက္ကဌအဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေး ဌာနခွဲရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီးခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန် မသင့်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ဖျက်ဆီးခြင်း



မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော စားသောက်ကုန် နှင့်လူသုံးကုန်ပစ္စည်းမျိုးစုံ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၃.၇၈) သန်းခန့်အား (၉-၂-၂၀၁၇) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ဥက္ကဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် မန္တလေးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော စားသောက်ကုန်များအား (၂-၂-၂၀၁၇) ရက်နေ့ နှင့် ရေယာဉ်(၆)စီး အား (၃-၂-၂၀၁၇) ရက်နေ့ တို့တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင် မှ ဥက္ကဋ္ဌအဖြစ်ပါဝင်သော တင်ဒါရောင်းချရေးအဖွဲ့ဖြင့် တင်ဒါအုပ်စု (၁၁) စုအား ဈေးပြိုင်တင်ဒါရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၂၃.၉၅) သန်း ရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း




မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲအဆင့် ရောက်ပစ္စည်းများအား (၉-၂-၂၀၁၇) ရက်နေ့တွင် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ မန္တလေး တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသိန်းဆွေ မှ ဥက္ကဋ္ဌ အဖြစ်ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၃) စု အားလေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၁၂၃.၈) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ကားတာယာများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4011.10.00 ဖြစ်ပြီး အကောက်ခွန် 4% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






မော်တော်ဆိုင်ကယ်များ တင်သွင်းလိုပါသဖြင့် Duty Rate နှင့် HS Code အားမေးမြန်းရာ HS Code မှာ 8711.20.59 ဖြစ်ပြီး အကောက်ခွန် 5 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




သင်္ဘောသားများအတွက် ဝတ်စုံ (သင်္ဘောပေါ်တွင် အလုပ်လုပ်သည့် Protective Suit) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 6113.00.40 ဖြစ်ပြီး အကောက်ခွန် 7.5%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Portable Solar Lantern with Radio များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 8527.19.91 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Steel ဖြင့်ပြုလုပ်ထားသော ကျောက်ဆူးများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 7316.00.00 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန်2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Electric Bicycle များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8711.90.91 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



ဂုံနီအိတ် (Jute Bag) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 6305.10.11 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Stainless Tube နှင့် Tube & Pipe များသည် AKFTA လျှော့နှုန်းခံစားခွင့်တွင် ပါဝင်မှုရှိ-မရှိ မေးမြန်းခဲ့ရာ အဆိုပါ ပစ္စည်းမှာ AKFTA တွင် လျှော့နှုန်းခံစားခွင့်မပါဝင်ကြောင်းပြန်လည် ဖြေကြားခဲ့ပါသည်။